**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊

## လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS) ၏ ပါတီထူထောင်ခြင်း (၃၃) နှစ် ပြည့် အထိမ်းအမှတ် သဝဏ်လွှာ

ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ကာ စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ရည်မှန်းချက် ပန်းတိုင်ထားရှိသည့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS) ၏ (၃၃) နှစ် ပြည့်အထိမ်းအမှတ်သို့ သဝဏ်လွှာပေးပို့အပ်ပါသည်။

၁၉၈၈ ခုနှစ်၊ နိုင်ငံတဝှမ်း ဒီမိုကရေစီရေး တောင်းဆိုသော ပြည်သူ့လှုပ်ရှားမှုမှ ပေါက်ဖွားလာသည့် DPNS သည် မပြီးဆုံးသေးသော သမိုင်းပေးတာဝန်များအား မျိုးဆက်သစ်များနှင့်အတူ ဆက်လက်သယ်ဆောင် တိုက်ပွဲဝင်နေသည်ကို တွေ့ရသည့်အတွက် မိမိတို့ KNU အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

DPNS သည် ခေတ်ကာလတောင်းဆိုမှုအလိုက် ဖြစ်ထွန်းပေါ်ပေါက်လာသည့် နိုင်ငံရေးဇတ်ခုံကိုအခြေခံပြီး ပါတီနိုင်ငံရေးပလက်ဖောင်းမှ မိမိ ရည်မှန်းချက်နှင့် မူဝါဒများကို ဆုတ်ကိုင်ကာ တစိုက်မတ်မတ် တိုက်ပွဲဝင်နေသည်ကိုလည်းတွေ့ရှိရပါသည်။

DPNS သည် ၁၉၉၁ ခုနှစ်မှစတင်၍ KNU ၏ မိတ်ဖက်အဖွဲ့အစည်းတခုအဖြစ်ရပ်တည်ကာ အာဏာရှင်စနစ်တိုက်ဖျက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးလှုပ်ရှားမှု အသီးသီးဖြစ်သော မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် - DAB ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ - NCUB စသည့် တို့တွင် တက်ကြွစွာပါဝင်ခဲ့သလို ၂၀၂၁ ခုနှစ် ၏ နွေဦးတော်လှန်ရေးတွင်လည်း ဦးဆောင်မှုအခန်းကဏ္ဍ မှ တက်ကြွစွာပါဝင်ခဲ့ပါသည်။

DPNS ၏ (၃၃) နှစ်တာကာလ ပါတီနိုင်ငံရေးအခြေပြု ဒီမိုကရေစီရုန်းကန်မှုတိုက်ပွဲတလျှောက် ဘဝနှင့် အသက်ပေါင်းများစွာကို ပေးဆပ်သွားကြသည့် တိုက်ပွဲဝင်ပါတီဝင်များအား ဦးညွှတ်ဂုဏ်ပြုလျှက် မပြီးဆုံးသေးသည့် စစ်အာဏာရှင်စနစ်အပါအဝင်၊ အာဏာရှင်စနစ်များချုပ်ငြိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံထူထောင်နိုင်သည်အထိ မိမိတို့နှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားပါရန်ကိုလည်း တိုက်တွန်းရင်း ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**
**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**